**ကျေးရွာ၏အခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းမှ ဥစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်းအရ ဆင်းရဲသော အိမ်ထောင်စု(၆၄)ရာခိုင်နှုန်းရှိသောကြောင့် ကျေးရွာကို ဆင်းရဲသည်ဟု သတ်မှတ်ကြပါသည်။**

**စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ဆင်းရဲချမ်းသာမညီမျှမှု အချက်အလက်များကိုဖော်ပြပါသည်။ ကျေးရွာ၏၆.၁%သည်မြေယာမဲ့များဖြစ်ပြီး အလွန် ဆင်းရဲသောသူများ ဖြစ်ကြသည်။ မြေပိုင်ဆိုင်သူများ၏ ၈၆.၉၆%သည် ၂.၅ဧကအောက် ပိုင်ဆိုင်ကြ၍ ဆင်းရဲသောသူများဖြစ်ပြီး ၆.၉၆%သည် ၂.၅ဧကအထက်ပိုင်ဆိုင်ကြပြီး တောင်သူငယ်များ ဖြစ်ပါသည်။ တစ်ဦးတည်းပိုင်စိုက်ပျိုးမြေဧက (၅ဧက)ထိ အများဆုံးပိုင်ဆိုင်ပါသည်။**

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ။** ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ **ဆင်းရဲသော အိမ်ထောင်စု(၇၇)ရှိသည်အနက် (၆၇) အိမ်ထောင်စုမှာ ၃လအောက် အထိ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပါသည်။ (၁၀) အိမ်ထောင်စုသည် အနည်းဆုံး ၃လစာ သိုလှောင်ထားနိုင်ပါသည်။ အိမ်ထောင်စုများသည် ချေးငွေများဖြင့် ရပ်တည်နေကြရပြီး အနည်းဆုံး ၅၀၀၀ကျပ် မှ သိန်းလေးဆယ်ထိ ချေးငှားကြရပါသည်။ ကျန်သော အချိန်များတွင်** မိသားစုများ သည် ခေါက်ပြန်ကြေးယူ၍သော်လည်းကောင်း၊ ဆွေမျိုးများ၏ ပံ့ပိုးမှုဖြင့်လည်းကောင်း၊ သီးနှံ ကြိုရောင်း၍သော်လည်းကောင်း ဝမ်းစာဖြည့်တင်းကြ ရပါသည်။

**ကျေးရွာတွင် ဓာတု ဓာတ်မြေဩဇာ/ပိုးသတ်ဆေးများကြောင့် မြေဆီလွှာများပျက်စီးခြင်း၊ သဘာဝ ဘေးအန္တရာယ်များနှင့် ကြုံတွေ့ချိန်၊ သီးနှံများ ဖျက်ပိုးနှင့် ရောဂါများကျရောက်ခြင်း၊ ဈေးကွက် မတည်ငြိမ်မှုများဖြစ်ပေါ်ခြင်းကြောင့် ဆင်းရဲသား တောင်သူ ငယ်များနှင့် ကျပန်းမိသားစုများအတွက် စားနပ်ရိက္ခာမဖူလုံမှုများ မြင့်မားပါသည်။ ကျောင်းသူ ကျောင်းသားများသည် ကားလမ်းများ အားဖြတ်သန်း၍ အထက်တန်းကျောင်းသို့ သွားရခြင်းကြောင့် ထိခိုက်လွယ်မှု အနည်းငယ်ရှိပါသည်။ လူငယ်များ လူကုန်ကူးခံရခြင်း၊ အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်း နှင့် ကူးစက်ရောဂါများ ရရှိနိုင်ပါသည်။**

**(ဃ) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျေးရွာတွင် ငှက်ဖျားရောဂါအဖြစ်များပါသည်။ မိုးဦးကျ ချိန်တွင် တုတ်ကွေးရောဂါအဖြစ်များသည်။ နှစ်စဉ်ငှက်ဖျားရောဂါဖြင့် ဆေးရုံသို့ ၄-၅ဦးခန့် ပုံမှန်ဆေးကုသမှုခံယူနေရပါသည်။ သို့သော် တုတ်ကွေးရောဂါနှင့် ငှက်ဖျားရောဂါကြောင့် သေဆုံးသူ မရှိပါ။ လက်ရှိတွင်တီဘီရောဂါ ကုသမှုခံယူသူ ၂ဦးနှင့် ပျောက်ကင်းသူ ၄ဦးရှိပါသည်။ ကျိုက်ထိုမြို့နယ်ဆေးရုံတွင် တက်ရောက်၍ ဆေးကုသမှု ခံယူကြပါသည်။ ပြင်းထန်သော ရောဂါများကို ပဲခူးမြို့ ၊ ရန်ကုန်မြို့ရှိ ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြရပါသည်။**

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

အသက်(၉)နှစ်အထက်ကျေးရွာလူဦးရေ၏ ၈.၅%သည် စာတတ်မြောက်မှုမရှိကြပါ။ ပညာတတ်မြောက်မှု အနေဖြင့် မူလတန်း ပညာပြီးဆုံးသူ ၆၂.၅%၊ အလယ်တန်းပညာပြီးဆုံးသူ ၂၁.၇၈%၊ အထက်တန်းပညာပြီးဆုံးသူ ၅.၁၁% နှင့် ဘွဲ့ရရှိသူ ၂% ရှိပါသည်။ ယခုအခါ အသက်

**နွေရာသီရေရှားပါးချိန်မှလွဲ၍ မိုး နှင့် ဆောင်းရာသီတွင် စပါး နှင့် ခရမ်း၊ ပဲတောင့်ရှည်၊ သခွား၊ ပန်း၊ ပြောင်းစသည့် ရာသီသီးနှံပင်များကို စဉ်ဆက်မပြတ် စိုက်ပျိုးကြပါသည်။**

**ငမြောင်တောင်၊ သီးလုံးဖောက်ပိုးများ ဆိုးဝါးစွာကျရောက်သည်။ ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေးများ စနစ်တကျမသုံးစွဲနိုင်ခြင်း၊ မြေဆီလွှာတိုက်စားခြင်းတို့ကြောင့် မြေသား ဖွဲ့စည်းမှု လည်း ယိုယွင်းပျက်ဆီ:လာပါသည်။** စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရန် မြေအောက်ရေ စမ်းသပ်တူးဖော်စိုက်ပျိုးခြင်း၊ မိုးရေလှောင် ကန်များတူးဖော်ခြင်း)၊ စိုက်ပျိုးရေးနည်းပညာ ကောင်း များ ချိတ်ဆက်ခြင်း၊ စိုက်ပျိုးရေးရင်းနှီး ငွေများ လုံလောက်စွာရရှိရန် ချိတ်ဆက်ခြင်းစသော လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်ပါမည်။

**ရော်ဘာစိုက်ပျိုးခြင်းမှ ဝင်ငွေတိုးတက်ရရှိစေရန် မြို့နယ်ရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်း နှင့် ချိတ်ဆက်၍ ဈေးကွက်လက်လှမ်းမှီအောင် လုပ်ဆောင်ရမည် ဖြစ်ပါသည်။**

**သံတံတားကျေးရွာတွင် တပိုင်တနိုင်မွေးမြူရေ:လုပ်ငန်း လုပ်ကိုင်ကြပါသည်။ နွား၊ ကျွဲ၊ ဆိတ်၊ ကြက်၊ ဝက် စသည့် တိရိစ္ဆာန်များကို တစ်ပိုင်တစ်နိုင် အနည်းငယ် မွေးမြူသည့် အိမ်ထောင်စု (၂၀) အိမ်ထောင်စုရှိပါသည်။**

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။** ။ ကျေးရွာရှိမိသားစု များသည် တောင်းယက်၊ တံမြက်စည်းစည်း၊ ပန်းရံ/လက်သမား၊ ဆိုင်ကယ်ပြင်၊ စက်ချုပ်၊ လှက်ရည် ဆိုင်စသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ကျိုက်ထိုမြို့၊ ကင်မွန်း စခန်းတို့နှင့် အလှမ်းမဝေးသောကြောင့် ဆိုင်ကယ်ပြင်ဆိုင်၊ တယ်လီဖုန်းပြင်ဆိုင်၊ မုန့်/ စားသောက် ဆိုင်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ ဤစီးပွားရေးကဏ္ဍများတိုးတက်ရန် အရင်းအနှီးများ၊ အသက်မွေး သင်တန်းများ စသော အစီအစဉ်များ အကောင်အထည်ဖော် လုပ်ဆောင်ရပါမည်။

**(ဃ) ဘဏ် နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု။** ။ ချေးငွေဝန်ဆောင်မှုအနေဖြင့် ကျေးရွာ အတွင်း ရွာသူရွာသားများသည် အသက်မွေးဝမ်းကျောင်းအဖွဲ့၊ အမျိုးသမီးများဖြင့် ဖွဲ့စည်းထားသော ကိုယ့်အားကိုယ်ကိုးအဖွဲ့များမှ ချေးငွေရရှိနိုင်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံစံ(၇) ရှိ လယ် တစ်ကေလျှင် ၁၀၀၀၀၀/ကျပ်၊ တစ်ဦးလျှင် အများဆုံး(၁၀)ကေ၊ ယာတစ်ကေလျှင် ၂၀၀၀၀/ကျပ် ဖြင့် ထုတ်ချေးနိုင်ကြပါသည်။ လိုအပ်သောငွေကြေးကို ဆွေမျိုးများနှင့်ရွှေဆိုင်များ တွင် ပစ္စည်း အပေါင်ထား၍ ချေးယူရပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။။ကျေးရွာ၏ပညာရေးကဏ္ဍ တွင် မူလတန်းကျောင်းတည်ရှိပြီး တပည့်၊ဆရာအချိုး (၁၈:၁)ဖြင့်** သင်ကြားလျှက်ရှိပါသည်။ ကျောင်းသူကျောင်းသားများ အလယ်တန်း၊ အထက်တန်းပညာကို လက်လှမ်းမှီရန် ကျောင်းကြိုပို့ ကားများထားရှိပါသည်။ **ကျောင်းသူ/ကျောင်းသားများအတွက် ပရိဘောဂနှင့်ကျောင်းအိမ်သာ မလုံလောက်ပါ။ သောက်ရေ/သုံးရေအား ရွာရှိတွင်းများ၌ သွားခပ်ရပါသည်။ သို့တွက် ကျောင်းပရိဘောဂများ၊ ကျောင်းအိမ်သာ ၊ သောက်သုံးရေများ ရရှိရန် တင်ပြတောင်းခံ ရမည်ဖြစ်ပါသည်။**

**ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ရှိပြီး ကျန်းမာရေးမှူးတစ်ဦးရှိပါသည်။ ပြင်းထန်ရောဂါများအတွက်ကျိုက်ထိုမြို့နယ်ဆေးရုံသို့ကုသရပါသည်။**

**ကျေးရွာတွင်ရေတွင်း(၁၀၁)တွင်းရှိပြီး တစ်နှစ်ပတ်လုံးရေရရှိပါသည်။ ကျေးရွာသူ/ သားများသည် နွေရာသီတွင် မြေနိမ့်ပိုင်းရှိ ရေတွင်းများတွင် သွားရောက်ခပ်ယူကြရပါသည်။ ကျေးရွာ အိမ်ထောင်စု ၏ (၁၁၅)အိမ်သည် ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။**

**(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။** ။ ကျေးရွာတွင်းတွင် လူငယ်များအပန်းဖြေနိုင်ရန် အတွက် (၂)ဧက ခွဲအကျယ်ရှိသည့် ကျေးရွာပိုင်ဘောလုံး အားကစားကွင်း(၁)ကွင်းရှိပါသည်။ နှစ်စဉ်နှစ်တိုင်း အုပ်စုအဆင့် ဘောလုံးပြိုင်ပွဲများလည်း ကျင်းပလျက်ရှိပါသည်။ ကျေးရွာတွင်းရှိလူငယ်၊ လူရွယ်များ သည် ဝါတွင်းကာလ နှင့် ဝါကျွတ်ကာလတွင် ဆရာတော်များအား ပူဇော်ကန်တော့ခြင်း၊ ကျေးရွာ အတွင်းရှိ ရွာတွင်းလမ်းပြုပြင်ခြင်းများ၊ ကျေးရွာ တွင်းအလှူပွဲများတွင် ပါဝင်ကူညီ ဆောင်ရွက်ခြင်း တို့ ပြုလုပ်ကြပါသည်။ လူငယ်အဖွဲ့၏ လူပျိုခေါင်းဆောင်သည် ကျေးရွာတွင်းအဖွဲ့အစည်းများ၌ ဥက္ကဋ္ဌ (သို့) အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်မှုများ ရှိပါသည်။

ရိုးရာယဉ်ကျေးမှုထိန်းသိမ်းသည့်အနေဖြင့် ကျေးရွာတွင်းတွင် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။

**(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)**

**သံတံတားကျေးရွာ ဆက်သွယ်သွားလာရန် နှင့် သယ်ယူပို့ဆောင်ရေးအတွက် ဒေသ အသီးသီးသို့ ကားလမ်း၊ ရထားလမ်းတို့ဖြင့် အချိန်မရွေး လွယ်ကူစွာ သွားလာနိုင်ပါသည်။**

**သတင်းအချက်အလက်**များကို ရပ်ဝေးဒေသများတွင် သွားရောက်လုပ်ကိုင်သူများနှင့် ဆက်သွယ်ရန် အများဆုံးအားဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြသည်။ ကျေးရွာတွင်းတွင် Telenorကို အဓိက ထားသုံးစွဲကြပြီး Ooredooအားအနည်းငယ်သာ အသုံးပြုကြပါသည်။ Telenor တာဝါတိုင်သည် ကားလမ်းနံဘေးကျေးရွာထိပ်တွင် စိုက်ထူထားပါသည်။ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှလည်း သတင်းအချက်အလက်များကို လက်လှမ်းမီကြပါသည်။

ကျေးရွာတွင်းတွင် တယ်လီဖုန်းသုံးစွဲမှုသည် အများအပြားရှိပါသည်။ အင်တာနက် ဝန်ဆောင်မှု ကောင်းစွာရရှိပြီး လူငယ်များအနေဖြင့် အသိပညာ၊ ဗဟုသုတနှင့် သတင်းအချက်အလက်များ ရရှိနိုင်ပါသည်။ **ကျေးရွာတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ရေဒီယို၊ ရုပ်မြင်သံကြားများမှ ရရှိနိုင်ပါသည်။** ကျေးရွာတွင် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီး ရရှိပါ သည်။

**(ဈ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာနှင့် (၂) မိုင်အကွာတွင် ကျိုက်ထိုမြို့နယ် ရဲစခန်းရှိသည့်အတွက် လုံခြုံရေးကောင်းမွန်ပါသည်။ ကျေးရွာတွင်း ရုံဖန်ရံခါ ရန်ဖြစ်သည်မှလွဲ၍ အခြားမှုခင်းကြီးများမရှိပေ။ ကျေးရွာ ရပ်မိရပ်ဖများနှင့် အုပ်ချုပ်ရေး ပိုင်းမှလည်း ရမ်းကားမှုများ၊ မလိုလားအပ်သောပြဿနာများ မဖြစ်စေရန် လိုင်စင်မရှိ သော**

**အရက်ဆိုင်များ ပိတ်စေခြင်းအားဖြင့် မှုခင်းဖြစ်ပွားနိုင်မှုများကိုလျော့ချသည့် အစီအစဉ်များကို ပြုလုပ်ခဲ့ကြပါသည်။**

**(၅)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်**

**(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊**

ကျောက္ကလပ်ကျေးရွာရှိ ကျေးရွာသူရွာသားများ စည်းလုံးညီညွတ်မှုရှိခြင်း၊ ဦးဆောင်မှုနောက်တွင် ရွာသူရွာသားများ၊ လူငယ်များ တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်းသည် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက် လာရေး အတွက် အဓိကအချက်များ ဖြစ်ပါသည်။

ကျေးရွာသည် ကျိုက်ထို-ကျိုက်ထီးရိုးသွား ကားလမ်းပေါ်တွင် တည်ရှိခြင်းကြောင့် ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။ ထို့ပြင် ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများသည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင် နိုင်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ လူဦးရေ ၆၅.၇%ရှိပါသည်။ ဘွဲ့ရပညာတတ် (၁၄)ဦး နှင့် အခြေခံ ပညာတတ်ကျွမ်းသူလူငယ်များရှိပြီး ကုန်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း၊ ဘုရားဖူးခရီးစသည့် များပြားလှသော အလုပ်အကိုင် အခွင့်အလမ်းများရရှိခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်ပါသည်။

ကျေးရွာ၏ ရေမြေရာသီဥတုသည် ရော်ဘာပင်စိုက်ပျိုးရန် သင့်တော်ခြင်း၊ ရော်ဘာအဖူးကူး ပျိုးပင်များကို အလွယ်တကူဝယ်ယူစိုက်ပျိုးနိုင်ခြင်း၊ ထွက်ရှိလာသော ရော်ဘာစေးများကို ရောင်းချနိုင်သော ဈေးကွက်ရှိခြင်း၊ ရော်ဘာစိုက်ပျိုးရန် နည်းပညာနှင့်ချေးငွေလိုအပ်ချက်များကို ကူညီပံ့ပိုးပေးနိုင်သောရော်ဘာကုန်ထုတ်သမအသင်း တည်ရှိခြင်းတို့သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အခွင့်အလမ်းကောင်း များ ဖြစ်ကြပါသည်။

ရာသီသီးနှံပင်များကို စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များ နှင့် စိုက်ပျိုးရေးသွင်းအားစုများကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ ထွက်ရှိလာသောသီးနှံများအားရောင်းချရန် ဈေးကွက်ရှိခြင်းတို့ သည် မိသားစုဝင်ငွေတိုးတက်စေသည့် အကြောင်းရင်းများ ဖြစ်ကြပါသည်။

ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်၍ ကျေးရွာမှ (၂)မိုင်အကွာတွင် ဆေးရုံတွင်လည်းကောင်း၊ ပဲခူးဆေးရုံကြီးနှင့်လည်းကောင်း လက်လှမ်းမီကြပါသည်။

ဆက်သွယ်ရေးတိုင်များထူထောင်ထားသဖြင့် **ဆက်သွယ်ရေးကဏ္ဍပိုမိုကောင်းမွန်လာခြင်းကြောင့် သတင်း အချက်အလက်များ လက်လှမ်းမီလာခြင်း၊** မဟာဓါတ်အားလိုင်းနှင့်(၂)မိုင်အတွင်း တည်ရှိ သဖြင့် ပင်မဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်ယူနိုင်ခြင်းတို့ကြောင့် **ကျေးရွာ၏ ဖွံ့ဖြိုးမှုအခြေအနေ ပိုမိုကောင်းမွန်လာမည် ဖြစ်ပါသည်။**

**(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

သံတံတားကျေးရွာရှိ အဖွဲ့အစည်းများသည် ပြင်ပ အဖွဲ့အစည်းများနှင့်ဆက်သွယ်ရန် အလေ့အထ

